Message Two

# ခရစ်တော်သည် ကောင်းကင်ဆိုင်ရာအုပ်စိုးခံရသော လုပ်ဆောင်ချက်များရှိသည့်အရှင်အဖြစ် ကျွန်ုပ်တို့၏သိုးထိန်း၊ ကျွန်ုပ်တို့၏နားခိုရာနှင့် မျိုးကြဲသူဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၉း၂၀-၂၂၊ ၃၆။ ၁၁း၂၈-၃၀။ ၁၃း၃၊ ၁၈-၂၃

**I. ခရစ်တော်သည် ကောင်းကင်ဆိုင်ရာအုပ်စိုးခံရသော လုပ်ဆောင်ချက်များ - ကိုယ်တော်၏ဝတ်လုံတော်ပန်းပွား ရှိသောအရှင် အဖြစ် ဖွင့်ပြခံရသည် - မ၊၉း၂၀-၂၂။**

A. ခရစ်တော်၏ဝတ်လုံသည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်း လုပ်ဆောင်ချက်များကို ပုံဆောင်ပြီး၊ ပန်းပွားသည် ကောင်းကင် ဆိုင်ရာ အုပ်စိုးခြင်းကို ပုံဆောင်သည်။ "သင်သည် အစ္စရေးအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ သူတို့မျိုးဆက်များ တစ်လျှောက် အဝတ်စွန်းတို့၌ ဆွဲစရာဖို့ ပန်းပွားတို့ကို လုပ်၍၊ ပြာသောကြိုးနှင့် ချည်တွဲရကြမည်။ ထိုပန်းပွားတို့ကို သင်တို့သည် ကြည့်မြင်သောအခါ၊ ယေဟောဝါ ပညတ်တော်မူသမျှတို့ကို အောက်မေ့၍ ကျင့်ကြမည်အကြောင်း၊ ... သင်တို့ ဘုရားသခင်အဖို့ သန့်ရှင်းမည်အကြောင်း ထိုသို့ ပြုရမည်" - စာရင်း၊၁၅း၃၈-၄၀။

1. ကြိုးသည် ချည်နှောင်ခြင်းကို ပုံဆောင်၍၊ အပြာရောင်သည် ကောင်းကင်ဆိုင်ရာကို ပုံဆောင်သည်။
2. ထို့ကြောင့် အပြာရောင်ကြိုးမှာ ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့၏ အနေအထိုင်နှင့် အပြုအမူတို့သည် လုပ ခြင်းရှိသင့်ပြီး၊ ကောင်းကင်ဆိုင်ရာ အုပ်စိုးမှု၊ ကန့်သတ်မှုနှင့် ထိန်းညှိပေးမှု၏ အစိုးရခြင်း၊ အုပ်စိုးခြင်းနှင့် ချည်နှောင် ခြင်းအောက်တွင် ရှိသင့်ကြောင်း ပုံဆောင်သည်။

B. ဝတ်လုံများသည် လူသားအပြုအမူ၌ရှိသော ကောင်းမြတ်ခြင်းကို ပုံဆောင်သည်။ သခင်ဘုရား၏ဝတ်လုံများသည် ကိုယ် တော်၏လူသားဇာတိ၌ ကိုယ်တော်၏ စုံလင်သော အပြုအမူ၊ ကိုယ်တော်၏လူသားကောင်းမြတ်ခြင်း စုံလင်မှုကို ပုံဆောင် ခြင်းဖြစ်သည်။

C. သခင်ယေရှု၏လူသားကောင်းမြတ်ခြင်း၌ အနာငြိမ်းစေသော တန်ခိုး ရှိသည်။ ထို့ကြောင့် ဖျားနာနေသော မိန်းမသည် ကိုယ် တော်၏အဝတ်တော်ပန်းပွားကို ထိလိုက်သောအခါ၊ ကိုယ်တော့်ကောင်းမြတ်ခြင်း၏ တန်ခိုးသည် သူမထံသို့ ထွက်သွားခဲ့ ပြီး၊ သူမသည် အနာငြိမ်းခဲ့လေသည်။

D. ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအုပ်စိုးခြင်းခံရသော လုပ်ဆောင်ချက်များထဲက အနာငြိမ်းစေသော တန်ခိုးဖြစ်လာသည့် ကောင်းမြတ်ခြင်း ထွက်ပေါ်လာသည် - မ၊၁၄း၃၆။

E. သခင်ဘုရား၏ဝတ်လုံတော်ကို ထိခြင်းမှာ အမှန်တကယ်တွင် ကိုယ်တော်၏လူသားဇာတိ၌ ကိုယ်တော်ကို ထိတွေ့ခြင်း ဖြစ် ကာ၊ ယင်း၌ ဘုရားသခင်သည် ကိုယ်ထင်ရှားခဲ့ခြင်းဖြစ်သည် (ကော၊၂း၉)။ ထိုသို့သောထိတွေ့ခြင်းအားဖြင့် ကိုယ်တော်၏ ဘုရားဆိုင်ရာတန်ခိုးသည် ကိုယ်တော်၏လူသားဇာတိ စုံလင်ခြင်းမှတစ်ဆင့် ကိုယ်တော်ကို ထိတွေ့သောသူအထဲသို့ ဖြည့် သွင်းခြင်းရှိကာ၊ ၎င်းသည် သူမ၏အနာငြိမ်းခြင်း ဖြစ်လာခဲ့သည် (လု၊၈း၄၅-၄၈။ ဟေဗြဲ၊၁၂း၂က)။

F. ချဉ်းကပ်မရနိုင်သောအလင်း၌ ကိန်းဝပ်တော်မူသည့် ဘုရားသခင်သည် ကိုယ်တော်၏လူသားဇာတိမှတစ်ဆင့် သူမ၏ ကယ်တင်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အစေခံကျွန်-ကယ်တင်ရှင်၌ ထိတွေ့နိုင်သောသူ ဖြစ်လာခဲ့သည်။

G. တိုးဝှေ့ကြသော လူအုပ်ကြီးသည် အစေခံကျွန်-ကယ်တင်ရှင်ထံမှ မည်သည့်အရာကိုမျှ မရရှိခဲ့ကြပါ၊ သို့သော် ကိုယ်တော် ကို ထိတွေ့သောသူသာ ရရှိခဲ့သည် (ဓမ္မသီချင်း E#၅၉၉ အပိုဒ် ၂ နှင့် ထပ်ဆိုအပိုဒ်ကို ကြည့်ပါ)။

**II. သခင်ယေရှုသည် ကျွန်ုပ်တို့၏သိုးထိန်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏သိုးများဖြစ်ကြသည် - မ၊၉း၃၆။ ဟေရှာ၊၄၀း၁၁။ ၅၃း၆။ ယေဇ၊၃၄း၁-၅၊ ၁၁-၁၅။**

A. ကိုယ်တော်သည် ကျွန်ုပ်တို့အား စိမ်းသော စားကျက်များအဖြစ် ခရစ်တော်နှင့် နားခိုရာရေများအဖြစ် ဝိညာဉ်တော်ကို မွေ့ လျော်ဝမ်းမြောက်ခြင်း၏ အစပြုအဆင့်၌ ထိန်းကျောင်းပေးသည် - ဆာ၊၂၃း၁-၂။ ၁တိ၊၁း၄။ ဖိ၊၁း၁၉ခ။ ယော၊၂၁း၁၅။ ၁သက်၊၂း၇။ ၁ကော၊၁၂း၁၃ခ။

B. ကိုယ်တော်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်း၏လမ်းများပေါ်မှာ နိုးကြားခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ ဒုတိယ အဆင့်၌ ထိန်းကျောင်းပေးသည် - ဆာ၊၂၃း၃။ ရော၊၁၂း၂။ ယော၊၇း၃၈။ ရော၊၈း၄။

C. ကိုယ်တော်သည် ကျွန်ုပ်တို့အား ရှင်ပြန်ထမြောက်သော နျူမက်တစ်ခရစ်တော်၏ မျက်မှောက်တော်ကို တွေ့ကြုံခံစားခြင်း တတိယအဆင့်၌ သေခြင်းအရိပ်လွှမ်းသော ချိုင့်ဝှမ်းတွင် လျှောက်သွားရစဉ်တွင် ထိန်းကျောင်းပေးနေသည် - ဆာ၊၂၃း၄။ ၂တိ၊၄း၂၂။ ၂ကော၊၁၂း၇-၁၀။

D. ကိုယ်တော်သည် ကျွန်ုပ်တို့အား ရှင်ပြန်ထမြောက်သည့် ခရစ်တော်ကို ပို၍နက်ရှိုင်းစွာနှင့် ပို၍မြင့်မားစွာ မွေ့လျော်ဝမ်း မြောက်ခြင်း၏ စတုတ္ထအဆင့်၌ ထိန်းကျောင်းပေးနေသည် - ဆာ၊၂၃း၅။

1. သခင်ဘုရားသည် ကျွန်ုပ်တို့၏ရန်ဘက်များရှေ့မှောက်၌ ကျွန်ုပ်တို့ရှေ့မှာ စားပွဲကို ခင်းပေးထားသည် - အငယ်၊၅က။ ညွှန်း၊ ၂၅မွေ၊၄း၄။ ၉း၇၊ ၁၃။ က၊၁၄း၁၈-၂၀။ နေ၊၄း၁၇။
2. သခင်ဘုရားသည် ကျွန်ုပ်တို့၏ဦးခေါင်းကို ဆီဖြင့် ဘိသိက်ပေးနေပြီး၊ ကျွန်ုပ်တို့၏ခွက်ကို လျှံလျက်ရှိစေသည် - ဆာ၊ ၂၃း၅ခ။ ဟေဗြဲ၊၁း၉။ ၁ကော၊၁၀း၁၆က၊ ၂၁။
3. ဆာလံ ၂၃း၅ တွင် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား - သားတော်ကို စားသောက်ပွဲအဖြစ်၊ ဝိညာဉ်တော်ကို ဘိသိက် ပေးသောဆီအဖြစ်၊ ခမည်းတော်ကို ကောင်းချီးမင်္ဂလာ၏ အရင်းအမြစ်အဖြစ် - တွေ့ရသည်။

E. ကိုယ်တော်သည် ကျွန်ုပ်တို့အား ယေဟောဝါ၏အိမ်တော်မှာ ဘုရားဆိုင်ရာကောင်းမြတ်ခြင်းနှင့် မေတ္တာကရုဏာတော်ကို တစ်သက်တာလုံး မွေ့လျော်ဝမ်းမြောက်ရခြင်း၏ ပဉ္စမအဆင့်၌ ထိန်းကျောင်းပေးနေသည် - အငယ်၊၆။

1. နျူမက်တစ် ခရစ်တော်၏ အသက်ဆိုင်ရာ ထိန်းကျောင်းခြင်းအောက်၌ ကောင်းမြတ်ခြင်းနှင့် မေတ္တာကရုဏာတော် သည် ကျွန်ုပ်တို့၏အသက်တာ နေ့ရက်များတစ်လျှောက်လုံး လိုက်ပါလာမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့ ရက်များတစ်လျှောက်လုံး ယေဟောဝါ၏ အိမ်တော်၌ ကိန်းဝပ်ရလိမ့်မည်ဖြစ်သည် - အငယ်၊၆။
   a. *ကောင်းမြတ်ခြင်း* မှာ ခရစ်တော်၏ ကျေးဇူးတော်ကို ရည်ညွှန်း၍၊ *မေတ္တာကရုဏာ* မှာ ခမည်းတော်၏ မေတ္တာ တော်ကို ရည်ညွှန်းကာ၊ *လိုက်ပါလာခြင်း* မှာ ဝိညာဉ်တော်၏ မိတ်သဟာယကို ရည်ညွှန်းသည်။ ထို့ကြောင့် သားတော်၏ ကျေးဇူးတော်၊ ခမည်းတော်၏မေတ္တာတော်နှင့် ဝိညာဉ်တော်၏ မိတ်သဟာယတို့သည် ကျွန်ုပ်တို့နှင့် အတူ ရှိနေသည် - ၂ကော၊၁၃း၁၄။
   b. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင့်အိမ်တော် (ခရစ်တော်၊ အသင်းတော်၊ ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ယေရုရှလင်မြို့သစ် - ယော ၁း၁၃၊ ၂း၂၁၊ ၁တိ ၃း၁၅-၁၆၊ ဧ ၂း၂၂၊ ဗျာ ၂၁း၂-၃၊ ၂၂) ၌ မွေ့လျော်ဝမ်းမြောက်ခြင်း အထဲသို့ ကျွန်ုပ်တို့၏နေ့ရက် ကာလတစ်လျှောက်လုံး (မျက်မှောက်ခေတ်၌၊ လာမည့်ခေတ်၌၊ ထာဝရကာလ၌) ကျွန်ုပ်တို့ကိန်းဝပ်နေရမည့်နေ ရာအထဲသို့ ခေါ်ဆောင်ပေးသည်။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်၌ ကျွန်ုပ်တို့အသက်တာ နေ့ရက်များတစ်လျှောက်လုံး ကိန်းဝပ်နေရရန် ရှာဖွေ ဖို့ လိုအပ်သည် - ဆာ၊၂၇း၄-၈။
   a. ဘုရားသခင်၏ လှပခြင်း (ချစ်ဖွယ်ကောင်းခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်း၊ နှစ်သက်ကြည်နူးဖွယ်ဖြစ်ခြင်း) ကို ရှုမြင်ရန် ဖြစ်သည် - အငယ်၊၄က၊ ၈။ ၂ကော၊၃း၁၈။
   b. ဘုရားသခင်ကို မေးမြန်းရန်၊ ကျွန်ုပ်တို့၏နေ့စဉ် အသက်တာ၌ အရာခပ်သိမ်းအကြောင်းကို စစ်ဆေးမေးမြန်းရန် ဖြစ်သည် - ဆာ၊၂၇း၄ခ။ ညွှန်း၊ ယောရှု၊၉း၁၄။
   c. ဘုရားသခင်၏ အရိပ်အာဝါသ၌ ကွယ်ကာခံရ၍၊ ဘုရားသခင့်တဲ၏ ပုန်းခိုရာနေရာ၌ ကျွန်ုပ်တို့ကိုယ်ကို ဝှက်ထား ရန် ဖြစ်သည် - ဆာ၊၂၇း၅က။ ၃၁း၂၀။
   d. ဘုရားသခင်အားဖြင့် နိုးထစေခြင်းနှင့် ကျွန်ုပ်တို့၏ဦးခေါင်းကို ချီးမြှောက်ခြင်း ခံရရန်ဖြစ်သည် - ၂၇း၅ခ-၆က။

e. ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားသခင်ထံသို့ သီချင်းဆိုခြင်းနှင့် ဆာလံသီချင်းတို့ဖြင့် ဝမ်းမြောက်ကြွေးကြော်သံများကို ပူဇော်ရန် ဖြစ်သည် - အငယ်၊၆ခ။ ဟေဗြဲ၊၁၃း၁၅။ ဖိ၊၂း၁၁။

## III. သခင်ယေရှုသည် ကျွန်ုပ်တို့၏နားခိုရာဖြစ်သည် - မ၊၁၁း၂၈-၃၀။

A. "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် နားခိုခြင်းကို ပေးမည်" - အငယ်၊၂၈။

1. ဤနေရာမှာ ဖော်ပြထားသော ပင်ပန်းခြင်းသည် ပညတ်တရား၏ ပညတ်ချက်များနှင့် ဘာသာတရားဆိုင်ရ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းရန် ကြိုးစားရခြင်း၏ ပင်ပန်းခြင်းကိုသာမက၊ မည်သည့်အလုပ်၌မဆို အောင်မြင်မှုရရန် ကြိုးစားအားထုတ်ရခြင်း၏ ပင်ပန်းခြင်းကိုလည်း ရည်ညွှန်းသည်။ ပင်ပန်းသောသူမှန်သမျှသည် အမြဲပင် အလွန်လေးလံစွာ ဝန်ထမ်းထားကြရသည်။

2. နားခိုခြင်းမှာ ပညတ်တရား သို့မဟုတ် ဘာသာတရား သို့မဟုတ် မည်သည့်အလုပ်၊ တာဝန်ဝတ္တရားအောက်မှာမဆို ပင်ပန်းခြင်းနှင့် ဝန်လေးခြင်းမှ လွတ်မြောက်စေခြင်းကိုသာမက၊ စုံလင်သော ငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။

B. "ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။ သင်တို့စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏" - အငယ်၊ ၂၉-၃၀။

1. သခင်ဘုရား၏ထမ်းပိုးကို ထမ်းခြင်းမှာ ခမည်းတော်၏အလိုတော်ကို ထမ်းခြင်းဖြစ်သည်။ ၎င်းသည် မည်သည့်အလုပ်အားဖြင့်မျှ စည်းကြပ်ခြင်း သို့မဟုတ် ထိန်းချုပ်ခံခြင်းမဟုတ်ဘဲ၊ ခမည်းတော်၏အလိုတော်အားဖြင့် အနိုင်အထက် သွေးဆောင်ခံရခြင်း ဖြစ်သည်။

2. သခင်ဘုရားသည် ထိုသို့သောအသက်တာကို အသက်ရှင်ခဲ့ပြီး၊ ခမည်းတော်၏အလိုတော်မှလွဲ၍ အခြားဘာကိုမျှ ဂရုမစိုက်ခဲ့ပေ (ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈)။ ကိုယ်တော်သည် မိမိကိုယ်ကို ခမည်းတော်၏အလိုတော်သို့ အပြည့်အဝ အပ်နှံခဲ့သည် (မ၊၂၆း၃၉၊ ၄၂)၊ ထို့ကြောင့် ကိုယ်တော်က ကျွန်ုပ်တို့အား ကိုယ်တော်ထံမှာ သင်ယူရန် ပြောရခြင်းဖြစ်သည်။

3. ကိုယ်တော်ထံမှ သင်ယူခြင်းမှာ ကိုယ်တော်ကို အပြင်ပိုင်းဆိုင်ရာ တုပခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ထမ်းပိုး- ဘုရားသခင်၏အလိုတော်ကို ထမ်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်၌ သခင်ဘုရားကို ပုံတူပွားရန် ဖြစ်သည်. ဘုရားသခင်၏ အလိုတော်သည် ကျွန်ုပ်တို့ကို ထမ်းပိုးတင်၍၊ ကျွန်ုပ်တို့၏လည်ပင်းကို ဤထမ်းပိုးအထဲသို့ ထည့်ဝင်ကာ၊ ကိုယ်တော်၏ ပုံတူပွားခြင်း ဖြစ်လာရန်ဖြစ်သည် - ၁ပေ၊၂း၂၁။

4. သခင်ဘုရား၏ ထမ်းပိုးကို ထမ်းခြင်းနှင့် ကိုယ်တော်ထံမှ သင်ယူခြင်းအားဖြင့် ကျွန်ုပ်တို့ တွေ့ရသည့် နားခိုခြင်းမှာ ကျွန်ုပ်တို့၏စိတ်များအတွက် ဖြစ်သည်။ ၎င်းသည် အတွင်းပိုင်းနားခိုခြင်းဖြစ်ပြီး၊ သဘောသဘာဝ၌ အပြင်ပိုင်းသက်သက်ကိုသာ ပြောခြင်းမဟုတ်ပါ။

5. သခင်ဘုရား၏ထမ်းပိုးသည် ခမည်းတော်၏အလိုတော်ဖြစ်ပြီး၊ ကိုယ်တော်၏ဝန်သည် ခမည်းတော်၏အလိုတော်ကို သယ်ဆောင်ခြင်းအလုပ် ဖြစ်သည်။ ထိုသို့သော ထမ်းပိုးသည် ထမ်းလွယ်ခြင်း (ကောင်းမွန်ခြင်း၊ ကြင်နာခြင်း၊ ညင်သာခြင်း၊ နူးညံ့ခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်းရှိကာ - ခက်ခဲခြင်း၊ ကြမ်းတမ်းခြင်း၊ ထက်ခြင်း၊ ခါးခြင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း) ဖြစ်ပြီး၊ ထိုသို့သော ဝန်သည် ပေါ့ပါးကာ လေးလံခြင်း မရှိပေ။

## IV. မျိုးကြဲသောသူသည် သခင်ယေရှု၏အံ့သြဖွယ်ကောင်းသော ပုဂ္ဂိုလ်ဖြစ်ပြီး၊ ကြဲခြင်းခံရသော မျိုးစေ့မှာလည်း သုံးပါးတစ်ပါး ဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည် - မ၊၁၃း၃၊ ၁၈-၂၃။

A. ကျွန်ုပ်တို့သည် မျိုးကြဲသူ ခရစ်တော်၏ ရုပ်ပါရုံကို မြင်ရန်၊ ကိုယ်တော်ကိုယ်တိုင်ကို အသက်၏မျိုးစေ့အဖြစ် လူသားဖြစ်ခြင်းအထဲသို့ မျိုးကြဲခြင်းကို မြင်ရန် လိုအပ်သည်။ ဤရုပ်ပါရုံသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ နှလုံးသားအလယ်ဗဟိုပင်ဖြစ်သည်၊ အကြောင်းမှာ သခင်ဘုရား၏စိတ်နှလုံးတော်အလိုဆန္ဒနှင့် ဆက်နွှယ်နေသောကြောင့် ဖြစ်သည်။

B. ကိုယ်တော်သည် ကိုယ်တော်၏ရွေးချယ်ခံလူများဖြစ်သည့် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာရန်၊ ကိုယ်တော်ကိုယ်တိုင်ကို ကျွန်ုပ်တို့၏ဒြပ်သဘာဝဖြစ်စေရန်နှင့် ကျွန်ုပ်တို့ကို ကိုယ်တော်၏ထင်ရှားခြင်းဖြစ်စေရန်အလို့ငှာ ရောနှောပေါင်းစည်းခြင်း နည်းလမ်း၌ ကျွန်ုပ်တို့၏အသက်ဖြစ်လာရန် အလိုဆန္ဒရှိနေသည်။

C. ဘုရားသခင်၏အသက်ဖြင့် ခရစ်တော်၌ အသစ်မွေးဖွားခံရကြပြီးဖြစ်သည့် ယုံကြည်သူများသည် ဘုရားသခင်၏ ပြုစုပျိုးထောင်သောမြေ၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်၌ ခရစ်တော်ကို ကြီးထွားစေရန် လယ်မြေဖြစ်ကာ၊ ထိုသို့ဖြင့် တန်ဖိုးရှိသော တန်ဆာပလာများကို ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ထုတ်လုပ်နိုင်မည်ဖြစ်သည် - ၁ကော၊၃း၉၊ ၁၂က။

D. သမ္မာကျမ်းစာအရ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းနှင့် ညီမျှသည်။ ဤအရာသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားဆိုင်ရာ အသက်၏မျိုးစေ့ ကြီးထွားခြင်းအားဖြင့် ဖြစ်ပေါ်နေရာယူလာခြင်း ဖြစ်သည် - ၁ယော၊၃း၉။ ကော၊၂း၁၉။ ဧ၊၄း၁၅-၁၆။

E. ဇဖက် ၃း၁၇ တွင် သုံးပါးတစ်ပါးဘုရားသည် ဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်နှင့် တန်ဆာပလာအဖြစ် ကျွန်ုပ်တို့ထံမှ တစ်စုံတစ်ခုဖြင့် တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာခဲ့ကြောင်း ဖွင့်ပြထားသည်။ ဤအရာကို မဿဲ ၁၃ ရှိ မျိုးကြဲသူ၏ ပုံဥပမာအားဖြင့် သရုပ်ဖော်ပြထားသည်။

1. သခင်ဘုရားသည် အသက်မျိုးစေ့အဖြစ် မိမိကိုယ်တော်တိုင်ကို မြေဆီဖြစ်သည့် လူများ၏စိတ်နှလုံးများအထဲသို့ မျိုးကြဲခဲ့ကာ၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့၌ ကြီးထွားခြင်းနှင့် အသက်ရှင်ခြင်းရှိ၍၊ သူတို့အတွင်းမှာ ထင်ရှားလာနိုင်မည်ဖြစ်သည် - အငယ်၊၃။

2. မျိုးစေ့သည် မြေဆီ၏ အာဟာရဓာတ်များနှင့်အတူ ကြီးထွားရန် မြေဆီအထဲသို့ မျိုးကြဲခံရသည်။ ရလဒ်အနေဖြင့် ထုတ်ကုန်သည် မျိုးစေ့နှင့် မြေဆီနှစ်ခုလုံးမှ ဒြပ်သဘာဝများ ပေါင်းစပ်ခြင်း ဖြစ်လာသည် - အငယ်၊၂၃။

3. ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်အားဖြင့် ဖန်ဆင်းထားသော အာဟာရဓာတ်များပါရှိပြီး၊ ယင်းမှာ ကျွန်ုပ်တို့၌ ကြီးထွားရန် ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်ကြွလာခြင်းအတွက်ပြင်ဆင်ခြင်းအဖြစ် ပါရှိခြင်းဖြစ်သည်။ ဘုရားသခင်သည် ဘုရားဆိုင်ရာမျိုးစေ့အတွက် မြေဆီအဖြစ် လူသားစိတ်နှလုံးပါလျက် လူသားအာဟာရဓာတ်ဖြင့် လူသားဝိညာဉ်ကို ဖန်ဆင်းခဲ့သည် - ၁ပေ၊၃း၄။

4. အသက်၌ ကျွန်ုပ်တို့ကြီးထွားသည့် နှုန်းပမာဏသည် ဘုရားဆိုင်ရာမျိုးစေ့ပေါ်မှာ မူတည်ခြင်းမဟုတ်ဘဲ၊ ဤမျိုးစေ့အား ကျွန်ုပ်တို့က အာဟာရဓာတ်မည်မျှ ပေးနိုင်ခြင်းအပေါ် မူတည်သည်။ အာဟာရဓာတ်ကို ကျွန်ုပ်တို့များများ မစလေလေ၊ မျိုးစေ့သည် မြန်မြန် ကြီးထွားလေလေဖြစ်ကာ၊ ၎င်းသည် ရှင်သန်ကြီးပွားခြင်း ပို၍ရှိလေလေဖြစ်သည် - မ၊၅း၃၊ ၈။

5. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်၌၊ ကျွန်ုပ်တို့၏ဇာတိလူ၌ ဘုရားဆိုင်ရာမျိုးစေ့ ကြီးထွားခြင်းအတွက် မည်သည့် အာဟာရဓာတ်မျှ ရှိမည်မဟုတ်ပါ၊ သို့သော်လည်း ကျွန်ုပ်တို့၏အတွင်းလူအထဲသို့ ခွန်အားခိုင်ခံ့စေခြင်း ခံရပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အလေးထားခြင်းနှင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်း ရှိမည်ဆိုလျှင် အာဟာရဓာတ်သည် မစခြင်း ရှိလိမ့်မည်ဖြစ်ကာ၊ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်တော်ဆောက်လုပ်နေထိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။ ရော၊၈း၆။ ၁တိ၊၄း၇။ ညွှန်း၊ ယု၊၁၉။

6. ကျွန်ုပ်တို့သည် အသက်မျိုးစေ့အဖြစ် သခင်ဘုရားကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုဖြစ်ရန် ကျွန်ုပ်တို့အတွင်း၌ ကြီးထွားခြင်း ရှိစေလိုလျှင်၊ သခင်ဘုရားထံသို့ ကျွန်ုပ်တို့ လုံးလုံးအကြွင်းမဲ့ ဖွင့်ပေး၍၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို အကုန်အစင် ဆက်ဆံဖြေရှင်းစေရန် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည် - မ၊၁၃း၃-၉၊ ၁၈-၂၃။

7. တစ်ဖက်တွင် ဘုရားသခင်သည် ဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေးနေပြီး၊ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် အာဟာရဓာတ်ကို ထုတ်လုပ်မစခြင်းဖြစ်သည်။ ဤနှစ်ခုမှတစ်ဆင့် ခရစ်တော်၌ ဘုရားသခင်သည် ကိုယ်တော်၏ ပင်ကိုမူလ တည်ဆောက်ခြင်း - ကိုယ်တော်၏အိမ်တော်တည်ဆောက်ခြင်း- ကို ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၌ သယ်ဆောင်ခြင်းဖြစ်သည်။

© 2024 Living Stream Ministry